ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ သောကြာနေ့၊ (18-1-2008) (၅၅၆၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်

နေပြည်တော်   ဇန်နဝါရီ   ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာ၏ ဖိတ်ကြားချက်အရ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ယနေ့မွန်းလွဲ ၂ နာရီတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာနိုရက်ဇ် ဟာဂျီ ဆူလီမန်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၈–၁–၂၀၀၈
(သောကြာနေ့)

ကျေးလက်ပြည်သူများ ဗဟုသုတတိုးပွားရေး ဆောင်ရွက် စာကြည့်တိုက်များ ရေရှည်တည်တံ့ဖြစ်ထွန်းရေး ကြိုးပမ်း

ပညာသည် အရာရာကိုကျော်လွှားနိုင်ပြီး ကြီးပွားတိုးတက်စေနိုင်သည်ဖြစ်ရာ လူတိုင်းက အသိပညာနှင့် အတတ်ပညာများကို ရှာဖွေဆည်းပူး စူးစမ်းလေ့လာနေကြသည်။

မြန်မာနိုင်ငံတွင် အချိန်အခါ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး သင်ယူလေ့လာနိုင်စေရန် နည်းလမ်းအသွယ်သွယ်ဖြင့် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။ ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် ကိုယ်တိုင်သင်ယူပညာရေး နည်းလမ်းများဖြစ်သည်။

၁၉၈၈ခုနှစ် နောက်ပိုင်းတွင် တစ်ယောက်မကျန် စာတတ်ရန် ရည်ရွယ်လျက် ကောက်သင်းကောက်စာတတ်မြောက်ရေး၊ သက်ကြီးစာတတ်မြောက်ရေး "အ" သုံးလုံးသင်တန်းများ ဖွင့်လှစ်သင်ကြားခဲ့ရာ ယခုအခါ တစ်နိုင်ငံလုံး၌ စာတတ်မြောက်မှုနှုန်း ၉၄ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာကြောင်း တွေ့ရသည်။

ယင်းသို့ စာတတ်မြောက်ပြီးသူများအတွက် စာဖတ်သောအလေ့အကျင့်ရှိလာရေး၊ စာဖတ်ရှိန်မြင့်တင်နိုင်ရေးနှင့် အသိပညာဆက်လက်ဆည်းပူးနိုင်ရေးတို့အတွက် ရပ်ရွာပညာပဒေသာဌာနများ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်ပေးနေပြီဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၄ ခုနှစ်မှစ၍ ထူထောင်ဖွင့်လှစ်ပေးလျက်ရှိရာ တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိသည့်အနက် ယခုအချိန်အထိ စာကြည့်တိုက် ၅၅၇၅၅ တိုက်ရှိနေပြီဖြစ်သည်။

လူတိုင်းလူတိုင်း စာတတ်မြောက်လာခြင်းဖြင့် အမှန်နှင့်အမှား၊ အကျိုးနှင့်အပြစ်တို့ကို ဝေဖန်ပိုင်းခြားတတ်သော အတွေးအခေါ်များ ရရှိလာနိုင်မည်ဖြစ်သည်။ စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်လာနိုင်ခြင်းသည် ကျေးလက်ပြည်သူများ စာဖတ်ရှိန်မြင့်မားရေးနှင့် အသိပညာဗဟုသုတတိုးပွားရေးအတွက် အထောက်အကူပြုနိုင်သည်ဖြစ်ရာ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူတစ်ရပ်လုံးက စာအုပ်စာစောင်၊ အဆောက်အအုံ ပိုမိုပြည့်စုံကောင်းမွန်သော စာကြည့်တိုက်များ ရေရှည်တည်တံ့ဖြစ်ထွန်းနေစေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကင်း ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် အလှူငွေကျပ် နှစ်သိန်းကို မင်္ဂလာတောင်ညွန့် သာယာကုန်း စပယ်လမ်းနေ ဦးမြဟန်–ဒေါ်ခင်ဟုန် မိသားစုက ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရီလင်္ကာရထံ လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာ လက်ခံစဉ်။ (၅၃၅)

စင်ထရယ်ကျောင်း အထက(၁)လသာ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

၁၉၆၅ခုနှစ်နောက်ပိုင်း စင်ထရယ် (အထက–၁၊ လသာ) ကျောင်းသားဟောင်းများ၏ (၁၅)ကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ ကျင်းပမည်ဖြစ်၍ ကြိုတင်ညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီခွဲတွင် အထက(၁)လသာကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် ကိုစိန်ထွန်းလင်း ဖုန်း–၂၅၀၈၀၄၊ ကိုအောင်ခိုင်(စိုးမိုးကျော်) ဖုန်း–၀၉ ၉၉၂၆၁၈၅၊ ဒေါက်တာမြင့်ဦးသွယ်၊ ကိုအောင်ကြည် ဖုန်း–၂၄၅၃၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၁၂ ရက် ညနေပိုင်းတွင် အင်္ဂပူမြို့ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဇေယျသုခကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရေဝတမ္မေအား ဖူးမြော်ကြည်ညိုရှိခိုး လှူဖွယ်ပစ္စည်းများနှင့် မြို့နယ်လုံးဆိုင်ရာ စာပြန်ပွဲကျင်းပရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်တာဝန်ရှိသူတို့သည် ဇန်နဝါရီ ၁၃ရက်တွင် အင်္ဂပူမြို့ အုတ်ရှစ်ကုန်းကျေးရွာ ကံသာကျောင်းတိုက် ရတနတ္တယပူဇနိယကျောင်းသို့ ရောက်ရှိပြီး နိုင်ငံတော် ဩဝါဒါ စရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အင်္ဂပူဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တရေဝတအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် အင်္ဂပူမြို့နယ် တပ်စုကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲကို တက်ရောက်အားပေးပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အလှူရှင်များက ကျောင်းပညာရေး ရန်ပုံငွေအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းငွေကျပ် ၉၆ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် သင်ပန်းချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး World Vision (Myanmar) က အလှူငွေကျပ် သိန်း ၁၂၀ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် အလှူရှင်များက ကျောင်းရန်ပုံငွေအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် အင်္ဂပူမြို့နယ် တပ်စုကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲ၌ အမှာစကားပြောကြားစဉ်။ (သစ်တော)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် ညနေပိုင်းတွင် ထူးကြီးကျေးရွာ မဟာသိဝစေတီတော် ထီးတော်၊ စိန်ဖူးတော်၊ ကိုယ်လုံးတော် ပြုပြင် ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆရာတော်ကြီးများ ထံမှ ဩဝါဒခံယူပြီး ထီးတော်မွမ်းမံ ပြင်ဆင် တင်လှူရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတို့အား ဆွေးနွေးမှာကြားသည်။ ထို့နောက် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် ဇန်နဝါရီ ၁၄ရက် မွန်းလွဲပိုင်းတွင် မြချောင်းကူး ကညင်တပင် တံတားဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

တည်ဆောက်

အဆိုပါ ကညင်တပင်တံတားသည် အင်္ဂပူ–ညောင်ကျိုးလမ်းပေါ်ရှိ အလျား ၂၃၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၄၅ပေရှိ မြချောင်းကူးတံတားသစ်ကြီးဖြစ်ပြီး နိုင်ငံတော် ထောက်ပံ့ငွေဖြင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူတို့သည် ပျိုးကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေကျပ် ၈၁ သိန်း၊ သစ်သုံးတန်နှင့် အမိုးသွပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေါင်းလောင်းအသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ပေါင်းလောင်းအသင်း (ရန်ကုန်)၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အလယ်ပစ္စယာ၊ အာဇာနည်လမ်းရှိရှင်သာမဏေဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ ဖိတ်စာရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် သက်ကြီးပူဇော်ကန်တော့ရန် အသက် ၈၀ နှင့်အထက် အသင်းဝင်များ၊ အသင်းဝင် မိဘများ၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရှင်များသည် အသင်းရုံး ဖုန်း–၅၀၂၅၃၅၊ ၅၂၆၃၈၆နှင့် ၅၂၆၆၇၄ တို့တွင် ဆက်သွယ်စာရင်းပေးပို့ရန် နိုးဆော်ထားသည်။ (က–ပ)

အမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်–၃၀၀)တွင် တက်ရောက်ကုသလျက်ရှိသော ကလေးလူနာများနှင့် မွေးကင်းစ ကလေးငယ်များအတွက် Pahtama Group Company Limited က ငွေကျပ် ၃၆ သိန်း တန်ဖိုးရှိ နို့မှုန့်ဘူးများကို အမှတ်(၁)တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်–၃၀၀)တပ်မှူး ပါမောက္ခ ဗိုလ်မှူးကြီးအုန်းမောင်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တရားပွဲသတင်းများ

မိုးကုတ်ဝိပဿနာ တရားသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၇

ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် ဇန်နဝါရီ ၁၉ရက်မှ ၂၂ရက်အထိ (၂၂)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားသင်တန်း ဖွင့်လှစ်မည်ဖြစ်ရာ ဓမ္မကထိကဆရာကြီးဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နေ့စဉ် မွန်းတည့် ၁၂နာရီမှ ညနေ ၄ နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို ကြွရောက်နာယူနိုင်ကြောင်း သိရှိရသည်။

ထို့ပြင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ထားသည့် လက်တွေ့ဝိပဿနာအထိုင်စခန်းကို နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရှိရသည်။ (က-ပ)

ပုပ္ပားစကားဝါမြေဆရာတော်၏ ဓမ္မခရီးစဉ်များ

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမ စာသင်တိုက်၏ နာယက စာချ သာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေဆရာတော် ဘဒ္ဒန္တ ပညာဝံသသည် ဇန်နဝါရီ ၂၆၊ ၂၇နှင့်၂၈ရက်တို့တွင် ညောင်ဦးမြို့နယ် ဗြူကြီးကျေးရွာမှ ဦးကျော်မြင့်-ဒေါ်သန်းဌေးတို့၏ ရှင်ပြုအလှူမင်္ဂလာပွဲ၊ ဖေဖော်ဝါရီ ၁၀ရက်တွင် ရွှေပြည်သာမြို့နယ် (ထ/၁၆)ရပ်ကွက်ရှိ သီရိမင်္ဂလာ ဓမ္မာရုံ၏ ဆွမ်းအောင်ပွဲ၊ ဖေဖော်ဝါရီ ၁၁ရက်တွင် လှိုင်မြို့နယ် (၁၂)ရပ်ကွက်ရှိ ပညာရေးဝန်ထမ်းမိသားစု၏ ဒုတိယအကြိမ်ဓမ္မပူဇာပွဲ၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ရွှေပြည်သာမြို့နယ် (ဏ/၁၄)ရပ်ကွက် အပေါ်ပိုင်းပန်းခြံမိသားစု၏ (၈)ကြိမ်မြောက် ဓမ္မပူဇာပွဲ၊ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ရက်တို့တွင် ကျုံပျော်မြို့နယ် ကျုံတနီးကျေးရွာ၏ ဗုဒ္ဓပူဇနိယပွဲနှင့် ဖေဖော်ဝါရီ ၂၄ရက်တွင် ညောင်တုန်းမြို့ သုဓမ္မာစာပြန်ပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

ပုပ္ပား(၂) မိုးကုတ်ရိပ်သာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၇

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ လစဉ် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ (၁၅၉)ကြိမ်မြောက် တရားစခန်းပွဲကို ၁၃၆၉ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက် ဇန်နဝါရီ ၂၅ရက် (သောကြာနေ့) ညနေအရောက် ယောဂီများ လာကြရမည်ဖြစ်သည်။

တရားစခန်းပွဲကို ပုပ္ပား(၂) မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တ ဇာဂရ(ဓမ္မာစရိယ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည်ဖြစ်ပါ၍ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ ဖြစ်စေ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပညာရှိစိတ်ဓာတ်

ခိုင်မာသော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသော လေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိသူတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကြကုန်။

(ဓမ္မပဒ ၈၁)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လွိုင်ကော်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၇

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ ငြိမ်းချမ်းရေးခန်းမ၌ လွိုင်ကော်တပ်နယ်မှ အရာရှိစစ်သည်နှင့် အိမ်ထောင်သည်ရဲမေများအား တွေ့ဆုံပြီး နိုင်ငံတော်၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် တပ်နယ်မှ စစ်သည်နှင့် အိမ်ထောင်သည်ရဲမေများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန စီမံကိန်းပေါင်းစပ်ညှိနှိုင်းရေးမှူး ဦးတင်မောင်ဝင်းက စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ရန် လျာထားဆောင်ရွက်မှု အခြေအနေများဖြစ်သည့် ရေသွယ်ဥမင်လိုဏ်တည်ဆောက်မည့် နေရာ၊စက်ရုံတည်ဆောက်ရန် လျာထားမှုနေရာနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားကာ စက်ရုံတည်ဆောက်မည့်နေရာ၊ရေသွယ်ဥမင် တည်ဆောက်မည့်နေရာနှင့် ဘီလူးချောင်းနှင့် ပွန်ချောင်းဆုံနေရာတို့တွင် ရေအားစီးဆင်းမှု အခြေအနေများကို အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း ကြိုးတံတားပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းသည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် High Tech Concrete Technology ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ရေလွှဲဆည်၊ ရေသွယ်ဥမင်လိုဏ် စီမံကိန်းအမျိုးအစားဖြင့် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက တစ်နှစ်လျှင် ပျမ်းမျှကီလိုဝပ် နာရီ ၃၄၄ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး စက်များ လည်ပတ်နေမှုနှင့် ထိန်းချုပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များအား စက်ရုံ၏ မလိခရိပ်သာ၌ စက်ရုံမှူး အင်ဂျင်နီယာမှူးကြီး ဦးဟုတ်ရှိန်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားပြီး ဝန်ထမ်းမိသားစုများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

အဆိုပါ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် နိုင်ငံတော်အတွက် လိုအပ်သော ဓာတ်အားများကို (၂၈)မဂ္ဂါဝပ် စက်ခြောက်လုံးဖြင့် နှစ်စဉ် ဓာတ်အားယူနစ်သန်း ၁၂၀၀ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် အဖွဲ့ဝင်များသည် လောပိတ လွိုင်ကော်လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားသော နေကြာနှင့် ပဲစင်းငုံစိုက်ခင်းများနှင့် လမ်းများ ပြင်ဆင်ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်နှင့် အဖွဲ့ဝင်များနှင့်အတူ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းအောင်က မြို့နယ်များနှင့် ကျေးလက်ဒေသများအလိုက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေကိုလည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်က ဒေသတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်သန်းက ဒေသ၏ မိုးရေချိန်နှင့် စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ် ပညာရေးမှူး ဦးမြင့်စိုးက ကျောင်းများတွင် စနစ်တကျ ပညာသင်ကြားပေးနေမှုနှင့် ပြည်နယ်၏ အောင်ချက်ရာခိုင်နှုန်း တိုးတက်လာမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ သစ်တောများ ပြုန်းတီးမှု မရှိစေရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့် သစ်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ခရိုင်၊မြို့နယ် အလုပ်အမှုဆောင်များ၊ အတွင်းရေးမှူးများနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့်အတူ ဇန်နဝါရီ ၇ ရက်တွင် ကရင်ပြည်နယ် တောင်တန်းဗဟိုသာသနာပြုကျောင်းသို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တ နရိန္ဒအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် မဟာဗောဓိသစ္စာမဏ္ဍိုင်ဘုရားအတွက် အလှူတော်ငွေကျပ် ၁၀ သိန်းကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အတူ ညပိုင်းတွင် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဒေါနခန်းမ၌ ကရင်ပြည်နယ် (၇)မြို့နယ်မှ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အတူ ဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသော ၂၇၄၇ နှစ် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို တက်ရောက်၍ ကရင်ပြည်နယ်ရှိ ဂုဏ်ပြုခံ သက်ကြီးကရင် အဘိုး၊ အဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် မုက္ကဒိကျေးရွာ၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပျိုးခင်းပွဲတော်သို့ တက်ရောက်အားပေးပြီး မုက္ကဒိကျေးရွာဆေးပေးခန်း၌ အခမဲ့ဆေးဝါးကုသပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မုက္ကဒိကျေးရွာ အထက်တန်းကျောင်းခွဲ မြက်ခင်းပြင်၌ ကျင်းပသော ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားအထိမ်းအမှတ် ဒုံးယိမ်းဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေး၍ ဆုငွေများချီးမြှင့်ခဲ့ပြီး အထက်တန်းကျောင်းခွဲခန်းမ၌ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံသည်။ ထို့နောက် အလုပ်အမှုဆောင်ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ ဗုဒ္ဓဘာသာစာပေများနှင့် ကျောင်းသုံးစာရေးကိရိယာများ၊ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မုက္ကဒိကျေးရွာ အထက်တန်းကျောင်းခွဲရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးက အသင်းဝင်အဆိုပြုလွှာ အစောင် ၃၀၀ ကို ပေးအပ်ခဲ့ရာ ကရင်ပြည်နယ်အတွင်းရေးမှူး ဦးစောကားလုံက လက်ခံသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် တောင်သူဦးစောတိုးလှိုင်၏ ဆင်းရှွေလီကြံစိုက်ခင်းနှင့် ကြက်သွန်စိုက်ခင်း ခြောက်ဧကစိုက်ခင်းကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာရေးရာသတင်းများ

နျူမပြန့်ပွားရေးစာချုပ်၌ လက်မှတ်မထိုးက အိန္ဒိယသို့ ယူရေနီယံမရောင်းဟု ဩစတြေးလျပြော

ကင်ဘာရာ ဇန်နဝါရီ ၁၇

အိန္ဒိယအစိုးရက နျူကလီးယားမပြန့်ပွားရေးစာချုပ် (အင်ပီတီ)ကို လက်မှတ်ရေးထိုးခြင်းမပြုပါက ဩစတြေးလျက အိန္ဒိယသို့ ယူရေနီယံ ရောင်းချမည်မဟုတ်ကြောင်း ဩစတြေးလျ လေဘာအစိုးရသစ်က အိန္ဒိယမှ နျူကလီးယားသံတမန် ရှိုင်ယစ်ဆာရန်အား အင်္ဂါနေ့က ပြောကြားသည်။

သဘောတူညီချက်၌ ခွင့်ပြုထား

ဆာရန်သည် အမေရိကန်နှင့် နျူကလီးယား သဘောတူညီချက်ကို လက်မှတ်ရေးထိုးမည့်သူဖြစ်ပြီး ယူရေနီယံဖြင့် နျူကလီးယားလက်နက် ထုတ်လုပ်နိုင်ရန် အဆိုပါ သဘောတူညီချက်တွင် ခွင့်ပြုထားသဖြင့် ဩစတြေးလျအစိုးရက အိန္ဒိယသို့ ယူရေနီယံ ရောင်းချမည့်ကိစ္စကို သဘောမတူခြင်းဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီး စတီဖင်စမစ်က ဆာရန်သို့ ပြောကြားသည်။

မူဝါဒချမှတ်စည်းရုံးခဲ့

မိမိတို့က နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ် လက်မှတ်မထိုးသည့်နိုင်ငံများသို့ ယူရေနီယံမရောင်းချရန် ရွေးကောက်ပွဲဝင်ရောက်စဉ်က ခိုင်မာသောမူဝါဒ ချမှတ်စည်းရုံးခဲ့ကြသည်ဟု စမစ်က ပြောကြားသည်။

အထူးသံတမန်

ဆာရန်သည် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ အထူးသံတမန်ဖြစ်ပြီး အိန္ဒိယနှင့် အမေရိကန် နျူကလီးယား သဘောတူညီချက်ကို နျူကလီးယားပစ္စည်း ထောက်ပံ့ရေး ၄၅ နိုင်ငံအုပ်စုထံမှ ထောက်ခံမှု ရရှိစေရန် ကြိုးပမ်းနေသူတစ်ဦး ဖြစ်သည်။ ယင်းနိုင်ငံအုပ်စုတွင် ဩစတြေးလျနိုင်ငံလည်း ပါဝင်သည်။

အမ်အင်အေ၊ရိုက်တာ။



အမေရိကန်နိုင်ငံ မင်နီအာပိုလစ်မြို့တွင် ၂၀၀၇ခုနှစ် ဩဂုတ် ၁ရက်က ပြိုကျခဲ့သော မစ္စစ္စပီမြစ်ဖြတ်တံတားကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မစ္စစ္စပီမြစ်ကူးတံတား ပြိုကျခဲ့ရသည့်ဖြစ်ရပ် ဒီဇိုင်းပုံစံ အားနည်းချက်ကြောင့်ဟုဆို

ဝါရှင်တန် ဇန်နဝါရီ ၁၆

အမေရိကန်နိုင်ငံ မင်နီအာပိုလစ်မြို့ရှိ မစ္စစ္စပီမြစ်ကူးတံတား အမှတ် ၃၅ ဒဗလျူ ယမန်နှစ်က ပြိုကျရသောဖြစ်ရပ်မှာ တည်ဆောက်ရာ၌ ဒီဇိုင်းပုံစံ အားနည်းချက်ကြောင့်ဖြစ်ရကြောင်း ကနဦးထွက်ပေါ်လာသော လေ့လာချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယမန်နှစ် ဩဂုတ် ၁ ရက်တွင် တံတားပြိုကျစဉ်က ၁၃ ဦး အသက်ဆုံးရှုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ထိုတံတားပြိုကျရသည့် အကြောင်းရင်းကို သိရှိနိုင်ရန် အမျိုးသားသယ်ယူပို့ဆောင်မှု လုံခြုံရေးဘုတ်အဖွဲ့က လေ့လာစိစစ်မှု ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ တံတားတည်ဆောက်ရာ၌ အသုံးပြုထားသော သံထည်ရက်မများသည် များပြားသော ဝန်ဒဏ်ကို ခံနိုင်ရည်ရှိလောက်အောင် ထူခြင်းမရှိဟု လေ့လာချက်က သုံးသပ်ထားသည်။

ထိုတံတားမှာ ၁၉၆၄ ခုနှစ်မှစ၍ ဒီဇိုင်းပုံစံဆွဲကာ တည်ဆောက်ခဲ့သော တံတားဖြစ်သည်။ မသပ်မရပ်ဖြစ်ကတတ်ဆန်း တည်ဆောက်ခဲ့သည်ဆိုသော ပြစ်ချက်ကြောင့် မဟုတ်ဘဲ မူလဒီဇိုင်းပိုင်းတွင်သာ ပြစ်ချက်တွေ့ရကြောင်း တင်ပြထားသည်။ ယင်းတံတားပြိုကျရသည့် ကိစ္စနှင့် သက်ဆိုင်သော နောက်ဆုံးအစီရင်ခံစာမှာ ယခုနှစ်ကုန်ပိုင်းလောက်မှသာ ထွက်နိုင်လိမ့်မည်ဟု ဆိုသည်။

တံတားတွင် အသုံးပြုထားသော သံရက်မများ၏ ထုသည် တစ်လက်မရှိရမည်ဖြစ်သော်လည်း အချို့နေရာတွင် ထုမှာ လက်မဝက်သာထူကြောင်း တွေ့ရသည်ဟုဆိုသည်။ သို့သော် ယင်းတံတားပြိုကျရခြင်းမှာ သံရက်မများကြောင့်ဖြစ်ရသည်ဟူ၍ကား တစ်ထစ်ချ ဖော်ပြမထားပေ။ မည်သို့ဆိုစေကာမူ ယခုတံတားပြိုကျရသည့် ဖြစ်ရပ်ကြောင့် အမေရိကန်နိုင်ငံရှိ တံတားများကို အပြစ် အနာအဆာ ရှိ၊ မရှိ ပြန်လည်စစ်ဆေးရန်အကြောင်းတစ်ရပ် ဖြစ်လာသည်ဟု ဆိုသည်။

အင်တာနက်။

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ရှိ ၁၄ ထပ် လက်ကားဈေးကြီး မီးလောင်နေသည်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးက ဗုံးကြဲတိုက်ခိုက်ခဲ့သည့် အဆောက်အအုံကို ဆီးရီးယားက ပြန်လည်တည်ဆောက်နေ

ဝါရှင်တန် ဇန်နဝါရီ ၁၆

အစ္စရေးက စက်တင်ဘာလအတွင်း ဗုံးကြဲတိုက်ခိုက်ခဲ့သည့် ဆီးရီးယားနိုင်ငံမှ ဝေးလံခေါင်သီသော နေရာရှိ အဆောက်အအုံ တစ်လုံးကို ဆီးရီးယားက ပြန်လည်တည်ဆောက်ခဲ့ကြောင်း၊ ယင်းအဆောက်အအုံသည် နျူကလီးယားဓာတ်ပေါင်းဖို ဖြစ်နိုင်သည်ဟု ပိုင်းခြားလေ့လာသူများက သံသယမကင်းဖြစ်နေကြောင်း လွတ်လပ်သော လုံခြုံရေးစောင့်ကြည့်သည့် အုပ်စုက တနင်္လာနေ့တွင် ပြောကြားသည်။

ရုပ်မြင်သံကြားတွင် ဗုဒ္ဓဟူးနေ့က ပြသခဲ့သည့် အဆိုပါ အဆောက်အအုံသည် နျူကလီးယား ဓာတ်ပေါင်းဖို ဖြစ်ဖွယ်မရှိဟု သိပ္ပံနှင့် နိုင်ငံတကာလုံခြုံရေးဌာန ဥက္ကဋ္ဌ ဒေးဗစ်အောဘရိုက်က ပြောကြားသည်။ အဆိုပါ အဆောက်အအုံသည် ပစ္စည်းထားသိုရာ ဂိုဒေါင်ဖြစ်နိုင်သည်ဟု ၎င်းက ပြောကြားသည်။

စီအိုင်အေက ယင်းသတင်းနှင့် ပတ်သက်၍ ဝေဖန်ပြောကြားမှုမရှိပေ။ အစ္စရေးက စက်တင်ဘာ ၆ ရက်က တိုက်ခိုက်စီးနင်းမှု ပြုလုပ်သည်ဟု ဝန်ခံပြောကြားသော်လည်း မည်သည့်ပစ်မှတ်ဟု အသေးစိတ် ပြောကြားခြင်းမရှိပေ။

အမ်အင်အေ၊ရိုက်တာ။

ဘရာဇီးတွင် မုန်တိုင်းတိုက်ခတ်၊ လေးဦးသေဆုံး

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၁၆

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုပြည်နယ်တွင် လွန်ခဲ့သော ရက်သတ္တပတ်က မုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး လူထောင်ပေါင်းများစွာ အိုးအိမ်မဲ့ဖြစ်ခဲ့ကြောင်း ဇန်နဝါရီ ၁၄ရက်တွင် ပြည်တွင်းမီဒီယာက ဖော်ပြသည်။

ယင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဆော်ပေါ်လိုကမ်းရိုးတန်း တောင်ပိုင်းနှင့် ရီဘီရာမြစ်ဝှမ်းဒေသရှိ လူပေါင်း ၁၅၀၀၀ခန့် နေအိမ်စွန့်ထွက်ပြေးခဲ့ရသည်။ ၎င်းကမ်းရိုးတန်း တောင်ပိုင်းရှိ ပီရူဘီမြို့သည် ၄၇နှစ်အတွင်း မုန်တိုင်းဒဏ် အဆိုးရွားဆုံးခံရကြောင်း၊ ယင်းဒေသမှ တံငါသည်တစ်ဦးသေဆုံးပြီး အခြားခုနစ်ဦး ပျောက်ဆုံးနေကြောင်း မြို့ပြကာကွယ်ရေးဌာနက ပြောကြားသည်။ ဇန်နဝါရီ ၁၄ ရက်ကလည်း ဂျာလူပီရန်ဂါမြို့တွင် နေထိုင်သည့် မီးသတ်သမား ဇနီးမောင်နှံ၏ အလောင်းကို တွေ့ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်ရွေးကောက်ပွဲ ဖျက်လိုဖျက်ဆီးလုပ်က ပစ်မိန့်ပေးထားဟု မူရှာရက်ဖ် ပြောကြား

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၇

ဖေဖော်ဝါရီ ၁၈ရက်တွင် ကျင်းပမည့် ပါကစ္စတန်ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်ရန် ကြိုးပမ်းမည့်သူ မည်သူ့ကိုမဆို သေနတ်ဖြင့်ပစ်ခတ်မည့် အမိန့်ကို တပ်ဖွဲ့ဝင်များသို့ပေးထားကြောင်း ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က ပြောကြားသည်။

လပေါင်းများစွာ နိုင်ငံရေးအရ မငြိမ်သက်မှုများ ဖြစ်ခဲ့ပြီး စစ်သွေးကြွများ၏ တိုက်ခိုက်မှု မြင့်မားလာမှုပေါ်ပေါက်ခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံတွင် တည်ငြိမ်မှု ရှိမည်ဟု ပါကစ္စတန်အစိုးရက မျှော်လင့်နေသည်။

ဘနာဇာဘူတို ဒီဇင်ဘာ ၂၇ ရက်က လုပ်ကြံသတ်ဖြတ်ခံရပြီးနောက် အောက်လွှတ်တော်အမတ် ရွေးကောက်ပွဲနှင့် ပြည်နယ်လေးခုမှ လွှတ်တော် ရွေးကောက်ပွဲများကို ဇန်နဝါရီ ၈ရက်အထိ ရွှေ့ဆိုင်းထားခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် အဓိကရုဏ်းများ နောက်ထပ်ဖြစ်ပွားရန် ခွင့်မပြုဟု သမ္မတမူရှာရက်ဖ်က ပြောကြားသည်။

ရွေးကောက်ပွဲကျင်းပစဉ်နှင့် ကျင်းပပြီးကာလတွင် တပ်ဖွဲ့ဝင်များ ကင်းလှည့်နေကြမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်၌ ပလတ်စတစ်အိတ်ပါးသုံးမှု တားမြစ်

ပေကျင်း ဇန်နဝါရီ ၁၆

တရုတ်နိုင်ငံ၏ စွမ်းအင်ချွေတာရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး ရည်မှန်းချက်နှစ်ရပ်အနက် တစ်ခုဖြစ်သည့် ပလတ်စတစ်အိတ်များ အသုံးပြုမှုအပေါ် လာမည့် ဇွန် ၁ ရက်မှစ၍ ကန့်သတ်သွားရန် တရုတ်အာဏာပိုင်များက ဆုံးဖြတ်မှုကို ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ်အကြီးအကဲ အက်ချမ်စတိန်နာက ချီးကျူးလိုက်သည်။

တရုတ်နိုင်ငံအနေဖြင့် ဆုံးဖြတ်ချက်သည် အပြုသဘောဆောင်ကြောင်း၊ ပလတ်စတစ်အိတ်ပါးများ အသုံးပြုခြင်း တားမြစ်ရန် ကမ္ဘာ့နိုင်ငံများကို မီးမောင်းထိုးပြခြင်းဖြစ်ကြောင်း စတိန်နာက ဆင်ဟွာသို့ ပြောကြားသည်။

တရုတ်နိုင်ငံတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းများတွင် ပလတ်စတစ်အိတ်ပါးများ အသုံးပြုမှုအပေါ် တားမြစ်ခြင်း၏ အကျိုးသက်ရောက်မှုသည် တစ်ကမ္ဘာလုံးနှင့် အာရှဒေသတွင် အလားတူမူဝါဒများ ချမှတ်လာရန် ဩဇာ သက်ရောက်ရန် အလားအလာရှိကြောင်း ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် (ယူအင်အီးပီ) တာဝန်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တိုယိုတာ ကားကုမ္ပဏီထုတ် လျှပ်စစ်နှင့် ရုပ်ကြွင်းလောင်စာ သုံး ပရူးရပ်စ်ကားသစ်ကို တိုကျိုမြို့၌ ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror

နိုင်ငံတကာ နောက်ဆုံးသတင်းများ

ဇန်နဝါရီ ၁၇ ရက်က ကင်ညာနိုင်ငံ ကစ်ဆူမူမြို့တွင် ရဲတပ်ဖွဲ့ကပစ်ခတ်သည့် မျက်ရည်ယိုဗုံး ဘူးအခွံကို ကိုင်ဆောင်ထားသူ ဆန္ဒပြသမားတစ်ဦးအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကင်ညာ၌ ရုန်းရင်းဆန်ခတ်မှုများ ဆက်လက်ဖြစ်ပွား ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် ဆန္ဒပြသူနှစ်ဦးသေဆုံး

နိုင်ရိုဘီ ဇန်နဝါရီ ၁၇

ကင်ညာနိုင်ငံတွင် အငြင်းပွားဖွယ်ရာ သမ္မတရွေးကောက်ပွဲ ရလဒ်နှင့်ပတ်သက်၍ အတိုက်အခံပါတီ ထောက်ခံသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ဒုတိယမြောက်နေ့ ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ နိုင်ငံအနောက်ပိုင်းရှိ ကစ်ဆူမူမြို့တွင် ရဲတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုကြောင့် ဆန္ဒပြသူနှစ်ဦး သေဆုံးကြောင်း ယနေ့မီဒီယာသတင်းများ၌ ဖော်ပြသည်။

ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီ ဆင်ခြေဖုံးတွင် ဆန္ဒပြခဲ့ကြရာ ရဲတပ်ဖွဲ့က မျက်ရည်ယို ဗုံးသုံးကာ လူစုခွဲခဲ့၍ ဆန္ဒပြသူနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဆန္ဒပြသွားမည်

သမ္မတ အမ်ဝေ ကီဘာကီရာထူးမှ နုတ်ထွက်သွားချိန်အထိ ဆက်လက် ဆန္ဒပြသွားမည်ဖြစ်ကြောင်း ဆန္ဒပြသူများက ပြောကြားသည်။

နိုင်ရိုဘီမြို့တွင် ဆန္ဒပြမှုများ မပြန့်ပွားရေးအတွက် ရဲတပ်ဖွဲ့က ကြိုးပမ်းလျက်ရှိသည်။

ကီဘာရာမြို့ ဆန္ဒပြပွဲတွင် ရဲတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ်ကာ လူစုခွဲခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

ကင်ညာနိုင်ငံတွင် နိုင်ငံရေး မငြိမ်မသက်မှုများကြောင့် လူပေါင်း ၆၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။

အင်တာနက်။

သီရိလင်္ကာနိုင်ငံ အုတ်ကမ်ပိတီယာမြို့တွင် မိုင်းဗုံးထိမှန်ခံရသည့် ခရီးသည်တင်ဘတ်စ်ကားတစ်စီးကို ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်သူ အိုဘားမားနှင့် ကလင်တန် အပြိုင်ဖြစ်နေကြောင်း သဘောထားကောက်ယူ လေ့လာချက်တွင် ဖော်ပြ

ဝါရှင်တန် ဇန်နဝါရီ ၁၇

ဒီမိုကရက်တစ်ပါတီတွင်း သမ္မတလောင်း ရွေးချယ်ပွဲယှဉ်ပြိုင်ရာတွင် ဘာရက်အိုဘားမားနှင့် ဟီလာရီ ကလင်တန်တို့ကို ဆန္ဒပေးသူအရေအတွက်မှာ အပြိုင်ဖြစ်နေသည်ကို တွေ့ရကြောင်း ဇန်နဝါရီ ၁၆ ရက်က ထုတ်ပြန်သည့် ရိုက်တာသတင်းဌာနနှင့် လူထုသဘောထားကောက်ယူမှုလုပ်ငန်း ဇော့ဂ်ဘီတို့၏ လေ့လာချက်အရ သိရသည်။

ရီပတ်ဘလီကန်ပါတီတွင်း သမ္မတလောင်းရွေးချယ်သည့် ယှဉ်ပြိုင်ပွဲ၌မူ ဂျွန်မက်ကိန်းသည် အခြားပြိုင်ဘက်များကို အသာရလျက်ရှိသည်။ ၎င်း၏နောက်မှ မိုက်ဟာကာဘီနှင့် ရူဒီဂူလီယာနီတို့က လိုက်လျက်ရှိသည်။

၎င်းတို့အားလုံးသည် ၂၀၀၈ ခုနှစ် နိုဝင်ဘာတွင် ကျင်းပမည့် အမေရိကန်နိုင်ငံ သမ္မတရွေးကောက်ပွဲ ဝင်နိုင်ရေးအတွက် ဦးတည်ယှဉ်ပြိုင်နေကြခြင်း ဖြစ်သည်။ ယှဉ်ပြိုင်သူများသည် နီဗားဒါးပြည်နယ်၊ တောင်ကယ်ရိုလိုင်းနားပြည်နယ်နှင့် ဖလော်ရီဒါပြည်နယ်များတွင် အခြေခံအဆင့် ရွေးချယ်ပွဲများ၌ ဆက်လက် ယှဉ်ပြိုင်ကြရဦးမည်ဖြစ်သည်။

ရိုက်တာသတင်းဌာနနှင့် ဇော့ဂ်ဘီတို့က ပြုလုပ်သော လူထုသဘောထားစစ်တမ်းကို ပြီးခဲ့သော ကြာသပတေးနေ့နှင့် သောကြာနေ့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စစ်တမ်း၏ ရလဒ်အရ ဆိုပါက သမ္မတလောင်း ယှဉ်ပြိုင်အရွေးခံမည့်သူများသည် အခြေခံအဆင့်၌ပင် အကြိတ်အနယ် ယှဉ်ပြိုင်ကြရဖွယ်ရှိသည်ဆိုသောအချက်ကို ဖော်ပြလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ကိုဆိုဗိုပြည်နယ် ခွဲမထွက်ရန် ရုရှားနိုင်ငံက သတိပေး

ကုလသမဂ္ဂ ဇန်နဝါရီ ၁၇

ကိုဆိုဗိုပြည်နယ်သည် လွတ်လပ်ရေးကြေညာမည်ဆိုပါက ကုလသမဂ္ဂသို့မဟုတ် အခြားနိုင်ငံတကာ နိုင်ငံရေးအဖွဲ့အစည်းများ၏အဖွဲ့ဝင်နိုင်ငံအဖြစ်သို့ မည်သည့်အခါတွင်မျှ ရောက်ရှိလာမည်မဟုတ်ကြောင်း ရုရှားနိုင်ငံက ယနေ့သတိပေးလိုက်သည်။

ကိုဆိုဗိုပြည်နယ်သည် ဆားဘီးယားသမ္မတနိုင်ငံမှ ခွဲထွက်မှုကို အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က အားပေးထောက်ခံလျက်ရှိသည်။

ကိုဆိုဗိုပြည်နယ်တွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်း ဆက်လက်ဆောင်ရွက်ရေးကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးရန် ရုရှားကလိုလားသော်လည်း ယင်းပြည်နယ်ခွဲထွက်ရေးကိစ္စကို အနောက်အုပ်စုနိုင်ငံများက ဖိအားပေးလျက်ရှိသည်။

အင်တာနက်။

သီရိလင်္ကာတောင်ပိုင်း၌ ခရီးသည်တင်ဘတ်စ်ကား မိုင်းထိ ခရီးသည် ၃၁ ဦးထက်မနည်း ပစ်ခတ်ခံရကာ သေဆုံး

ကိုလံဘို ဇန်နဝါရီ ၁၇

သီရိလင်္ကာတောင်ပိုင်းတွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီး မိုင်းထိမှန်ခံခဲ့ရပြီး ယင်းဘတ်စ်ကားပေါ်မှ ဆင်းပြေးသည့်ခရီးသည်များအား သေနတ်သမားများက ပစ်ခတ်ခဲ့သဖြင့် ၃၁ ဦး ထက်မနည်း သေဆုံးကြောင်း ယနေ့မီဒီယာသတင်းတွင် ဖော်ပြသည်။

သီရိလင်္ကာအစိုးရသည် တမီလ်ကျားသူပုန်အဖွဲ့နှင့် လက်မှတ်ရေးထိုးခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဖျက်သိမ်းကြောင်း တရားဝင်ထုတ်ပြန် ကြေညာခဲ့ပြီးနောက် ယင်းတိုက်ခိုက်မှုပေါ်ပေါက်ခဲ့သည်။

ခရီးသည်တင် ဘတ်စ်ကားတိုက်ခိုက်ခံရမှုမှာ ကျားသူပုန်အဖွဲ့၏ လက်ချက်ဖြစ်သည်ဟု အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

ကိုလံဘိုမြို့ အရှေ့တောင်ဘက် မိုင် ၁၅၀အကွာ အုတ်ကမ်ပိတီယာမြို့ကို ခရီးသည်တင်ဘတ်စ်ကား ဖြတ်သန်းမောင်းနှင်နေချိန်အတွင်း မိုင်းထိမှန်ကာ ကားပြတင်းများပျက်စီးခဲ့ရကြောင်း၊ ထွက်ပြေးကြသည့် ခရီးသည်များမှာ သေနတ်ဖြင့် ပစ်ခတ်ခံရကြောင်း အသက်ဘေးမှ လွတ်မြောက်လာသည့် ခရီးသည်တစ်ဦးက ပြောကြားသည်။

ယင်းသို့ ပစ်ခတ်မှုကြောင့် ခရီးသည်အများအပြား ဒဏ်ရာရရှိခဲ့သည်။ သေနတ်သမားများသည် ယင်းသို့ ပစ်ခတ်ပြီးနောက် အနီးရှိ တောအုပ်အတွင်းသို့ ဝင်ရောက်သွားခဲ့ကြသည်။

အင်တာနက်။

ပါကစ္စတန်နယ်စပ်စခန်း စစ်သွေးကြွများသိမ်းပိုက်

ဝါနာ(ပါကစ္စတန်) ဇန်နဝါရီ ၁၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ စစ်ဘက်ခံတပ် စခန်းတစ်ခုကို ဇန်နဝါရီ ၁၆ ရက်က ရာပေါင်းများစွာသော စစ်သွေးကြွများက တိုက်ခိုက်သိမ်းပိုက်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အဆိုပါ တိုက်ပွဲတွင် စစ်သွေးကြွများဘက်မှ ၄၀ သေဆုံးပြီး ပါကစ္စတန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးကာ ၂၀ ပျောက်ဆုံးလျက်ရှိသည်။

စစ်သွေးကြွများသည် အာဖဂန် နစ္စတန်နယ်စပ်အနီး တောင်ဝါဇီရစ္စတန်ဒေသရှိ ခံတပ်စခန်းကို အင်္ဂါနေ့ည သန်းခေါင်အချိန်ကတည်းကစ၍ တိုက်ခိုက်ခြင်းဖြစ်သည်။ ယင်းတိုက်ပွဲမှာ နာရီပေါင်းများစွာ ကြာအောင် ဖြစ်ပွားပြီးနောက် စခန်းကျသွားခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် အာသာအာဘက်ဇ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါလက်စတိုင်းဒေသ ဂါဇာကို အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်ပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၁၆ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါလက်စတိုင်းနယ်မြေတွင်း အစ္စရေးတိုက်ခိုက်သည့်ကိစ္စ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းတွင် တာဝန်ရှိဟုဆို

ရာမာလာ ဇန်နဝါရီ ၁၇

ပါလက်စတိုင်း နယ်မြေတွင်း ဇန်နဝါရီ ၁၆ ရက်က အစ္စရေးတို့ စီးနင်းတိုက်ခိုက်သည့်အတွက် သွေးထွက်သံယိုမှုများဖြစ်ပွားခဲ့ရသည်။ ထိုဖြစ်ရပ်တွင် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအပေါ်၌လည်း တာဝန်ရှိသည်ဟု ပါလက်စတိုင်း အာဏာပိုင်များက ပြစ်တင် ပြောကြားသည်။

ယခုကိစ္စတွင် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းများကိုလည်း အပြစ်တင်ရမည်သာဖြစ်သည်ဟု ပါလက်စတိုင်း ပြန်ကြားရေးဝန်ကြီး ရီယာဒ် အယ်လ်မာလီကီက ပြောကြားသည်။

ပါလက်စတိုင်း နယ်မြေများသည် အသိမ်းပိုက်ခံနေရသည်။ အပြည်ပြည်ဆိုင်ရာဥပဒေအရဆိုလျှင် ထိုဖြစ်ရပ်တွင် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအပေါ်တွင်လည်း တာဝန်မကင်းဘဲရှိမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လောလောဆယ် ဖြစ်ပေါ်နေသော ဖြစ်ရပ်များတွင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည့် လေးပွင့်ဆိုင်အဖွဲ့ကို ကြားဝင်ပေးရန် ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့က တောင်းဆိုထားသည်။ ထိုလေးပွင့်ဆိုင် ငြိမ်းချမ်းရေးအဖွဲ့တွင် အမေရိကန်၊ ဥရောပသမဂ္ဂအဖွဲ့၊ ရုရှားနှင့် ကုလသမဂ္ဂတို့ ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိသျှလေယာဉ် အရေးပေါ်ဆင်းသက်

လန်ဒန် ဇန်နဝါရီ ၁၇

ဗြိတိသျှလေကြောင်းဌာန (ဘီအေ)မှ ခရီးသည်တင် ဘိုးအင်းလေယာဉ်တစ်စင်းသည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ ဟီးသရိုးလေဆိပ်တွင် ဇန်နဝါရီ၁၇ ရက်က အရေးပေါ်ဆင်းသက်ခဲ့ကြောင်း၊ ယင်းလေယာဉ်ပေါ်ရှိ ခရီးသည် ၁၃၆ဦး အနက် သုံးဦးမှာ အနည်းငယ်ဒဏ်ရာရရှိကြောင်း အဆိုပါလေကြောင်းဌာနမှ ပြောကြားသည်။

တရုတ်နိုင်ငံ ပေကျင်းမှ ပျံသန်းလာသော ဘိုးအင်း-၇၇၇ အမျိုးအစား ခရီးသည်တင်လေယာဉ်သည် ဟီးသရိုးလေဆိပ်၌ ပြေးလမ်းပေါ်သို့ မရောက်မီ ဆင်းသက်မိရာမှ လေယာဉ်ဝမ်းဗိုက်ပိုင်း ပျက်စီးသွားခဲ့ပြီး တောင်ပံနှစ်ဖက်စလုံးမှာလည်း ဆိုးဆိုးရွားရွား ပျက်စီးခဲ့သည်။ လေယာဉ်မှူးသည် လေယာဉ်ကို အရှိန် ထိန်းချုပ်ကာ ရပ်ဆင်းခဲ့ပြီး ခရီးသည်များအား အရေးပေါ်ထွက်ပေါက်မှ ဆင်းသက်စေခဲ့သည်။

ယင်းလေယာဉ် မတော်တဆမှုကြောင့် ဟီးသရိုးလေဆိပ်မှ ထွက်ခွာမည့် လေယာဉ်ခရီးစဉ်အားလုံးကို ဖျက်သိမ်းလိုက်ရသည်။ *အင်တာနက်။*

ဒေးစွန်ပါ ဆံတော်ရှင်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇန်နဝါရီ ၁၇

ပဲခူးတိုင်း ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာရှိ ဒေးစွန်ပါဆံတော်ရှင် စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ အေးငြိမ်းချမ်းသာဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယင်းကပ်လှူပွဲတွင် ဩဝါဒါစရိယ ဆရာတော် ၁၁ပါး၏ ဩဝါဒကိုခံယူပြီး ထီးတော်၊ လုံးပတ်တော်တို့အား ရွှေသင်္ကန်းကပ်လှူ အလှူတော်မင်္ဂလာကို ဂေါပကအဖွဲ့က ငွေကျပ်သိန်း ၃၀၊ ရန်ကုန်တိုင်း ခရမ်းမြို့နယ်နေ ဆရာကြီး ဦးတင်ငွေမိသားစုက ငွေကျပ် ၂၂သိန်း ၅သောင်း၊ သန်လျင်မြို့ အောင်မင်္ဂလာ ရပ်ကွက်နေ အရပ်ဆရာအောင်နှင့် ဇနီး ဒေါ်နှင်းရည်ကျော်၊ သား မောင်ဘုန်းပြည့်ကျော် မိသားစုက ငွေကျပ် ၁၈ သိန်း၊ အလုံမြို့နယ် ဆင်မင်းဈေးနေ ဒေါ်သန်းသန်းငွေ မိသားစုက ငွေကျပ် ၁၀ သိန်းနှင့် အလှူရှင်များ စုပေါင်း၍ ရွှေသင်္ကန်း ကပ်လှူပူဇော်ကြမည် ဖြစ်သည်။ အဆိုပါနေ့တွင် ပင့်သံဃာတော် ၁၈ ပါးတို့အား ဆွမ်းကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြမည် ဖြစ်သည်။

ထီးတော် တင်လှူပွဲနေ့ဖြစ်သော ဇန်နဝါရီ ၁၉ ရက်မှ ၂၁ ရက်အထိ ဘုရားဖူးများအား စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။ လှူဒါန်းရေး၊ ဘုရားဖူးကားများ ရပ်နားရေး၊ တည်းခိုရေးတို့ကို ဂေါပကအဖွဲ့က စီမံဆောင်ရွက်ပေးသွားမည် ဖြစ်သည့်အပြင် ပဲခူးမှ ဒေးစွန်ပါဘုရားအထိ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားသည်။

လှူဒါန်းလိုသူများသည် ဘေးမဲ့ကျိုက်စွန်ပါကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်နှင့် ထီးတော်တင်လှူပွဲကျင်းပရေးကော်မတီ နာယကအဖွဲ့ဝင် ဘဒ္ဒန္တ ကောသိတသိဒ္ဓိနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးလှဟန် ဖုန်း-၀၉၅၁၇၇၆၅၄ တို့ထံ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရီးသွားအစီအစဉ် စာချုပ်ချုပ်ဆို

ရန်ကုန် ဇန်နဝါရီ ၁၇

Pinya Manufacturing Co.,Ltd. (Max အချိုရည်) မှ ManagingDirector ဦးကြည်လွင်နှင့် ရုပ်ရှင်မင်းသား ကိုလွင်မိုးတို့ စာချုပ်ချုပ်ဆို Sponsor ပေးသည့် အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

(အပေါ်ပုံ)

ကိုလွင်မိုး၏ မြိတ်ကျွန်းစုများဆီသို့ အစီအစဉ်အတွက် Max အချိုရည်မှ နိုင်ငံတစ်ဝန်း ကြည့်ရှုသူပရိသတ်များ ဒေသန္တရ ဗဟုသုတမျိုးစုံ ကြည့်ရှုခံစားနိုင်ရန် ရည်ရွယ်၍ Sponsor ပေး ကူညီခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်မှတ်တမ်းတင်ကြသည်။ ဆက်လက်၍ ကိုလွင်မိုး၏ မြိတ်ကျွန်းစုများဆီသို့ အစီအစဉ် ရိုက်ကူးနေစဉ် Max ကြော်ငြာကိုလည်း ကိုလွင်မိုးနှင့်အတူ ဆက်လက်ရိုက်ကူးသွားမည်ဖြစ်သည်။

Max အချိုရည်မှ ယခုအခါ စားသုံးသူများအတွက် အချိုရည်တစ်ကတ် ဝယ်ယူသူတိုင်း အချိုရည်နှစ်လုံး လက်ဆောင်ပေး၍ Promotion လုပ်နေကြောင်း သိရသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror မှုခင်းသတင်း

လက်ဝတ်ရတနာ ကျပ် ၄၁ သိန်းဖိုးခန့် အိမ်ရှင်များမရှိခိုက် ခိုးယူခြင်းခံရ

ရန်ကုန် ဇန်နဝါရီ ၁၇

ငွေကျပ် ၄၁ သိန်းခန့်တန်ဖိုးရှိ လက်ဝတ်ရတနာပစ္စည်းကိုးမျိုး ပျောက်ဆုံး၍ အရေးယူပေးရန် တိုင်တန်းသောမှုခင်းတစ်ခု ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်၌ ဇန်နဝါရီ ၁၆ ရက်က ဖြစ်ပွားခဲ့သည်ဟုဆိုသည်။

မှုခင်းဖြစ်ပွားပုံမှာ ဇန်နဝါရီ ၁၃ရက်တွင် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်းသစ်နေ ဦးသန့်ဇင်မျိုး (၃၅)နှစ် (မစ်ဆူဘီရှီကုမ္ပဏီ မန်နေဂျာ)သည် ပြည်ပသို့ ခေတ္တသွားရောက်စဉ် ဇနီးဖြစ်သူ မခိုင်ဇာဝေသည် နေအိမ်ကို သော့ခတ်ပြီး အင်းစိန်မြို့နယ်ရှိ မိဘများနေအိမ်သို့ သွားရောက်နေထိုင်ခဲ့သည်ဟု သိရသည်။

ပျောက်ဆုံးနေ

ယင်းသို့နေထိုင်ရာမှ ခင်ပွန်းဖြစ်သူ ပြည်ပမှပြန်လာ၍ ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁ နာရီခွဲတွင် ဗဟန်းနေအိမ်သို့ ပြန်လည်ရောက်ရှိစဉ် နေအိမ်တံခါးနှင့် သံဘာဂျာမှာပွင့်နေပြီး အိမ်အတွင်းရှိ ဗီရိုများပွင့်နေသည့်အပြင် ခုတင်ပေါ်၌ လက်ဝတ်ရတနာဘူးများ ပြန့်ကျဲနေ၍ စစ်ဆေးကြည့်ရာ လက်ဝတ်ရတနာ ကိုးမျိုး တန်ဖိုးငွေကျပ် ၄၁ သိန်းခန့် ပျောက်ဆုံးနေကြောင်း သိရသဖြင့် အရေးယူပေးရန် ဦးသန့်ဇင်မျိုးက တိုင်ကြားခဲ့သည်။

စုံစမ်းလျက်ရှိ

ဗဟန်းရဲစခန်းက (ပ)၃၄/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ဖြင့်(၁၆-၁-၂၀၀၈)နေ့တွင် အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(၃၁)

ကြေးမုံ The Mirror စာတည်းထံပေးစာ

ဗုဒ္ဓသာသနာ ရောင်ဝါထွန်းလင်း တောက်ပလျက်ရှိသော မြန်မာနိုင်ငံအကြောင်း သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ဖော်ပြပေးပါ

ဒကာကြီး

၂၀၀၇ ခုနှစ် ဩဂုတ်လနဲ့ စက်တင်ဘာလများအတွင်းဖြစ်ပွားခဲ့တဲ့ ဆန္ဒပြဆူပူမှုတွေဟာ ရဟန်းသံဃာအချို့ ဦးဆောင်မှုကြောင့် ဖြစ်ပွားခဲ့ရသလိုဖြစ်ပြီး တကယ့်သာသနာအစစ်အမှန်ကို လိုလားသူရဟန်းရှင်လူတွေအတွက် မျက်နှာမလှ၊ အရှက်ရစရာဖြစ်ခဲ့ရပါ၏။ ငါတို့သာသနာတော့ ညှိုးမှိန်ရပြီထင်ပါရဲ့လို့ ကြေကွဲဝမ်းနည်းစွာ တွေးထင်မိခဲ့ကြမည်ဖြစ်ပါ၏။

ယခုအခါ သာသနာအစစ်အမှန်ကို လိုလားတန်ဖိုးထားကြသည့် ရဟန်းသာမဏေတို့ ပရိယတ္တိလုပ်ငန်းများကို အားထုတ်ဆောင်ရွက်နေကြပြီး နိုင်ငံပြုလုပ်ငန်းများကိုသာမက သာသနာပြုလုပ်ငန်းများကိုပါ မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်ပါ၏။

တစ်ကမ္ဘာလုံးတွင်မရှိသည့် တိပိဋကဓရစာပြန်ပွဲများကျင်းပနေပြီး မကြာမီရေးဖြေစာမေးပွဲ ကျင်းပတော့မည်ဖြစ်ရာ ယင်းတိပိဋကဓရစာမေးပွဲနှင့်စပ်လျဉ်း၍ ပြည့်ပြည့်စုံစုံသတင်းရေးသားရိုက်ကူးပြီး ရုပ်မြင်သံကြားနှင့် သတင်းစာများမှဖော်ပြကာ ကမ္ဘာအထိပျံ့နှံ့အောင် ထုတ်ပြန်သင့်ကြောင်း အကြံပေးလိုပါ၏။

နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပရှိ သာသနာဖျက်၊ ပြည်ဖျက်ပုဂ္ဂိုလ်များက မြန်မာနိုင်ငံအကြောင်း ရစရာမရှိအောင်ပုံဖော်ပြီး ယုတ်မာပက်စက်စွာ သတင်းမှားများ ဖြန့်ချိရှုတ်ချနေကြပါ၏။ ယင်းတို့၏ လုပ်ရပ်ကို တိပိဋကဓရစာမေးပွဲများ၊ သာမဏေကျော်စာမေးပွဲများတွင် ရဟန်းသံဃာများ အားရဝမ်းသာ ပါဝင်ဖြေဆိုအောင်မြင်တော်မူနေကြပုံများဖြင့် သတင်းများထုတ်ပြန်ကာ တုံ့ပြန်သင့်ပါ၏။ ယခု မန္တလေးသကျသီဟ သာမဏေကျော်စာမေးပွဲလည်း ဖြေဆိုပြီးကြပေပြီ။ မကြာမီ ဓမ္မာစရိယစာမေးပွဲ၊ ပထမပြန်စာမေးပွဲကြီးများ ဖြေဆိုကြမည်ဖြစ်သည်။

ဘုန်းကြီး အမေရိကန်နိုင်ငံရောက်ရှိနေစဉ် တပည့်ဒါယကာ၊ ဒါယိကာမများက မြန်မာ့ရုပ်မြင်သံကြားမှာ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းရက်ပြိုင်ပွဲအကြောင်း ထုတ်လွှင့်ပြသတာကို ကြည့်ရလို့ လွမ်းဆွတ်သတိရပြီး ငိုကြရကြောင်း ပြောကြပါသည်။ ထို့ကြောင့် သာသနာရောင်ဝါထွန်းလင်းတောက်ပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအကြောင်း၊ မဟာဝိဇယ၊ ဗိုလ်တထောင်၊ မြတ်စွယ်တော်၊ ကျောက်တော်ကြီး၊ မန္တလေးမဟာမြတ်မုနိ၊ စန္ဒမုနိ၊ ပိဋကကျောက်စာများ၊ ပုဂံဘုရားများ၊ ရွှေစက်တော်ဘုရား၊ ပိဋကတ်သုံးပုံစာပြန်ဆိုပွဲများနှင့် ပတ်သက်၍ မကြာခဏသတင်းများ ရိုက်ကူးထုတ်လုပ် တင်ဆက်ပေးခြင်းဖြင့် ကမ္ဘာက မြန်မာနိုင်ငံအကြောင်း အမှန်တကယ်သိရှိသွားကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ကျန်းမာချမ်းသာပြီး သာသနာပြုနိုင်ကြပါစေ။

သာသနာကိုအလေးအမြတ်ထားသောဆရာတော်

၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင်နှစ် လှိုင်မြို့နယ် အမှတ်(၁၈)အခြေခံပညာ မူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၃ ရက်က ကျင်းပရာ ပထမတန်း ဘာသာစုံပထမဆုရ မနှင်းဥမ္မာလွင်အား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစောအောင်မြဝင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၁-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၄။	မဟာဂီတချိုကြည်မြ
၄:၅၅	၅။	မျိုးချစ်တပ်မတော်
၅:၀၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၃၀	၁၁။	စောင့်မျှော်ရှုစားဖိုင်းစကား
၆:၄၅	၁၂။	လှျပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း(၂၇)**
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	စေညွှန်ရာလမ်းမများ -တက္ကစီမင်းနှင့်နတ်မိမယ်
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နီလာလက်ကောက်(အပိုင်း-၂၉)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

ပဲခူးတိုင်း ထန်းတပင်မြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၇

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီခန့်တွင် ပဲခူးတိုင်း ထန်းတပင်မြို့နယ် မီးချောင်းဂေါင်းကျေးရွာနေ (အဘ)ဦးကြည်အောင်၏သား မောင်နေလင်း အသက်(၂၆)နှစ်သည် ကနစိုးပင်မြောက်ရွာအနီး ဝါးခုတ်နေစဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲပြီး မောင်နေလင်း၏ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်မှပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

မိုင်းထိဒဏ်ရာရရှိသည့် မောင်နေလင်းအား တာဝန်ရှိသူများက မုန်းတိုက်နယ်ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ညောင်ပင်ကျေးရွာ ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ညောင်ပင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်းဆောင်သစ် အဆောက်အအုံရှေ့၌ ကျင်းပသည်။

အစီအစဉ်အရ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်နှင့် အလှူရှင် စိုးလျှပ်စစ်ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးစိုးတင့်နှင့် ဇနီးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းက ပညာရေးမျှော်မှန်းချက် ကမ္ပည်းကျောက်စာတိုင်နှင့် အလှူရှင်မော်ကွန်းကမ္ပည်းကျောက်စာတိုင်တို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အလှူရှင် စိုးလျှပ်စစ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိုးတင့်နှင့် ဇနီး မိသားစုက အလှူငွေကျပ် သိန်း ၇၅၀ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်သည်။

ထို့နောက် အလှူရှင် မိသားစုက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းကြည်က ကျေးဇူးတင်စကားပြန်လည်ပြော ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီး အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က မြို့နယ်အတွင်း အခြေခံပညာကျောင်းများ အသစ်တည်ဆောက်မှု၊ ပြုပြင်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၂၀ နှင့် ပန်းစုံသစ် ၁၀ တန်၊ World Vision Myanmar က ငွေကျပ် ၁၁၃၉၅၄၀၀ နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းသားမိဘများက လှူဒါန်းငွေ ၃၅၃၆၁၀၈ ကျပ်တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ကျောင်းအတွင်း ပြုပြင်ဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ညောင်ပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်အောင်ရေနံမြေနှင့် အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ) ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၇

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇန်နဝါရီ ၁၃ ရက်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မြန်အောင်ရေနံမြေသို့ရောက်ရှိ၍ ရေနံမြေလုပ်သားခန်းမ၌ ဝန်ထမ်းများအားတွေ့ဆုံကာ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၅ ရက်တွင် မကွေးတိုင်း အောင်လံမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော ဘွဲ့ရဝန်ထမ်းသစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းသို့သွားရောက်၍ သင်တန်းတွင် ပို့ချပေးနေသော လုပ်သက်ရင့်ဝန်ထမ်းများ၏ အတွေ့အကြုံကောင်းများကို ရရှိအောင် ကြိုးစားလေ့လာဆည်းပူးကြရန်၊ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံတာဝန်ရှိပုဂ္ဂိုလ်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံ၏ ပင်မပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံသို့ သွားရောက်၍ စက်ပစ္စည်း အစိတ်အပိုင်းများ ပြင်ဆင်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ယူရီးယားထုတ်လုပ်ရေး စက်ရုံနှင့် သိုလှောင်ဖြန့်ဖြူးရုံများသို့ သွားရောက်၍ လှည့်လည်ကြည့်ရှုစစ်ဆေးကာဓာတ်မြေဩဇာများ လျင်မြန်သွက်လက်စွာ ဖြန့်ဖြူး ထုတ်လုပ်ပေးရန် မှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇန်နဝါရီ ၁၃ ရက်တွင် မြန်အောင်မြို့နယ် အင်ပင်ကျေးရွာအုပ်စုသို့သွားရောက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထု၏ တင်ပြချက်များအပေါ် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် မြန်အောင်မြို့နယ် တောင်နီလေးကျေးရွာရှိ သပြေပင် ပရိယတ္တိစာသင်တိုက်နှင့် ငှက်ကြီးကွင်းကျေးရွာရှိ ဝေဠုဝန်ကျောင်းတိုက်များသို့ သွားရောက်၍ ကျောင်းထိုင် ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် မြေပြာ–သရက်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ သွားရောက်ကာ ကျေးရွာလူထုနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး မူဝါဒများနှင့်အညီ အသင်းကြီးက အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ ဒေသခံကျေးရွာလူထု၏ တင်ပြချက်များကို ရှင်းလင်းဆွေးနွေးဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မြန်အောင်ရေနံမြေမှ ဝန်ထမ်းများအား ဆွေးနွေးမှာကြားစဉ်။ (စွမ်းအင်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၄)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၈)ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ တတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်း၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အဆိုပါ ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် ၇၂၅ ဦးနှင့် ပြည်ပရတနာကုန်သည် ၂၈၁ဦးတို့ ရောက်ရှိနေကြပြီး ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြသည်။

ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ရက် နံနက် ၉နာရီတွင် ကျင်းပ၍ ဇန်နဝါရီ ၁၉ ရက်အထိ ရောင်းချသွားမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၄)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၈)ကို ဇန်နဝါရီ ၁၈ရက် နံနက် ၉နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး ရတနာကုန်သည်ကြီးများက ဇန်နဝါရီ ၁၅ ရက်မှ ယနေ့အထိ ကြည့်ရှုလေ့လာခဲ့သော ကျောက်မျက်နှင့် ကျောက်စိမ်းများအနက် သက်ဆိုင်ရာလေလံပုံးများအတွင်းသို့ ထည့်သွင်းထားသော ဝယ်ယူလိုသည့်အတွဲများ၏ BARGAIN FORM များကို ဇန်နဝါရီ ၁၈ ရက် နံနက် ၇ နာရီခွဲတွင် ဖွင့်ဖောက်စစ်ဆေးမည်ဖြစ်ရာ ယင်းနေ့ နံနက် ၇နာရီခွဲ နောက်ဆုံးထား၍ သက်ဆိုင်ရာလေလံပုံးများသို့ ထည့်သွင်းကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေါပုံမြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက်က ကျင်းပရာ တတိယတန်းကျောင်းသူ မခိုင်ခိုင်ဖြိုးအောင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်နုနုရီ ဆုချီးမြှင့်စဉ်။ (ပညာရေး)

အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၀ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း၊ အမျိုးသမီးအလွတ်တန်း၊ အသက်(၃၅)နှစ်နှင့်အထက်၊ အသက် (၄၅)နှစ်နှင့်အထက်၊ အသက် (၅၅) နှစ် အထက်နှင့် အသက်(၆၀)နှင့်အထက် (တစ်ဦးချင်း) ပြိုင်ပွဲ၊ (နှစ်ယောက်တွဲ)ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

သို့ဖြစ်၍ ပြိုင်ပွဲဝင်အားကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀သို့ ဇန်နဝါရီ ၁၉ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၁–၂၀၀၈(သောကြာနေ့)

AM & PM	
၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	“အကြောင်းအကျိုးနှစ်မျိုးသိပါ”တရားတော် [အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)]
၇း၅၅–၁း၅၅	အလှမျိုးစုံလင်တောင်လှေကားမြို့တော်တစ်ခွင်
၈း၁၅–၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀–၂း၂၀	Myanmar Video Rhythm
၈း၄၅–၂း၄၅	မေရီချက်(ပ်)မင်းနားမကြားသောကလေးများကျောင်း
၈း၅၅–၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀–၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀–၃း၁၀	ယနေ့သိပ္ပံနှင့် နည်းပညာ
၉း၂၀–၃း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၅–၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀–၃း၃၀	ပါဝင်ဆင်နွှဲမော်ကျွန်းမြို့တာဝတိံသာဆင်းပွဲ
၁၀း၀၀–၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅–၄း၀၅	ART VISION (Going Together Paintings 32 Artists ပန်းချီပြပွဲ)
၁၀း၂၀–၄း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀–၄း၃၀	စေတနာအရင်းခံမြန်မာ့တစ်သျှူးဘဏ်
၁၀း၅၅–၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀–၅း၀၀	ပုံဖော်ထွင်းထုအုန်းခွံပန်းပု
၁၁း၁၅–၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀–၅း၂၀	တေးဂီတအစီအစဉ်
၁၁း၃၀–၅း၃၀	ဖူးစာဖက်တို့ဆုံစည်းဖို့ရာ(ခန်းဝင်ပစ္စည်းရွေးရအောင်)
၁၁း၄၅–၅း၄၅	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၁၂း၀၅–၆း၀၅	မူးယစ်ကင်းစင်လူ့ဘောင်တစ်ခွင် MANA ၏ ရည်မှန်းချက်ပန်းတိုင်အသွင်(တတိယပိုင်း)
၁၂း၃၀–၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅–၆း၃၅	VJ Choice
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံရုံးမိသားစုများက ဂုဏ်ပြုညစာစားပွဲဖြင့် ဂါရဝပြုတည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး–သံရုံးယာယီတာဝန်ခံနှင့် သံရုံးမိသားစုများက ဇန်နဝါရီ ၁၅ ရက် ညပိုင်းတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ မြန်မာနိုင်ငံသံအမတ်ကြီး၏နေအိမ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် ဂါရဝပြု တည်ခင်းဧည့်ခံကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ ည ၇နာရီတွင် မြန်မာနိုင်ငံ သံအမတ်ကြီး၏နေအိမ်သို့ ရောက်ရှိလာရာ သံရုံးယာယီတာဝန်ခံ ဦးမိုးကျော်အောင်၊ ဇနီး ဒေါ်နီလာအောင်နှင့် သံရုံးဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်များအား သံရုံးယာယီတာဝန်ခံနှင့် သံရုံးမိသားစုများက ဂုဏ်ပြုညစာဖြင့် ဂါရဝပြု တည်ခင်းဧည့်ခံကြသည်။

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က ဘရူနိုင်းနိုင်ငံသည် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာ၌ မြန်မာနိုင်ငံဘက်မှ အမြဲတမ်းရပ်တည်၍ ထောက်ခံမှုပေးနေသော နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံနှင့် ခင်မင်ရင်းနှီးမှုရှိသော နိုင်ငံဖြစ်၍ ယခုကဲ့သို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ပြီးခဲ့သော စက်တင်ဘာလအတွင်းက ဆူပူဆန္ဒပြမှုအချို့ ဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ အေးချမ်းတည်ငြိမ်လျက်ရှိကြောင်း၊ နိုင်ငံတိုင်းတွင် ပြည်တွင်းရေးပြဿနာ အနည်းနှင့်အများ ရှိကြကြောင်း။

မိမိတို့သည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တတိယအဆင့်ဖြစ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ဥပဒေမူကြမ်းကိုရေးဆွဲလျက်ရှိကြောင်း၊ ရှေ့ဆက်၍လည်း တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အနာဂတ်နိုင်ငံတော်အတွက် လိုအပ်သည်များကို ပြည့်စုံအောင် ဆောင်ရွက်ပေးလျက်ရှိရာ တစ်ဖက်မှလည်း ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေရသကဲ့သို့ ပညာတတ်လူ့အဖွဲ့အစည်းဖြစ်လာစေရန်အတွက်လည်း အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိဘယ်နေရာရောက်ရောက် မိမိတိုင်းပြည်ကို မြတ်နိုးချစ်ခင်နေရမည်ဖြစ်ကြောင်း။

သံရုံးဝန်ထမ်းများနှင့် မိသားစုများသည် အချင်းချင်း စည်းလုံးချစ်ခင်စွာ နေထိုင်ကြပြီး မိမိတာဝန်ထမ်းဆောင်ရာ နိုင်ငံ၏ဥပဒေ၊ စည်းကမ်းများကိုလည်း လေးစားလိုက်နာကြရန်၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သံရုံးယာယီတာဝန်ခံနှင့် ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ခေတ္တတည်းခိုသည့် Empire Hotel & Country Club သို့ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး–သံရုံးယာယီတာဝန်ခံနှင့် ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံး–သံရုံးယာယီတာဝန်ခံနှင့် သံရုံးမိသားစုများအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသား **HRH. Prince Mohammad Bolkiah** ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီ ဘီဂါဝန်လေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

(သတင်းစဉ်)

လယ်တီ ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၇

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ (၃၃၇/က) ပြည်လမ်း၊ လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၁၆)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇန်နဝါရီ ၂၂ ရက် (ပြာသိုလပြည့်)မှ ဇန်နဝါရီ ၃၀ ရက်၊ ပြာသိုလပြည့်ကျော် ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

✻ ကျောဖုံးမှ

ပြည်ထောင်စု မြန်မာနိုင်ငံတော်သံရုံး သံရုံးယာယီတာဝန်ခံ ဦးမိုးကျော်အောင်တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသား HRH. Prince Mohammad Bolkiah နှင့် ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး Pehin Datu Inderasugara Brig-Gen (Rtd) Dato Paduka Haji Mohammad Yusof bin Abu Bakar၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံရုံးမှ ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား မြန်မာနိုင်ငံသံရုံးမှ မြန်မာအမျိုးသမီး ကလေးငယ်နှစ်ဦးတို့ကလည်း ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသား HRH. Prince Mohammad Bolkiah တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်တွင် နေရာယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော်သီချင်းနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သီချင်းတို့ကို တီးမှုတ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသားနှင့်အတူ အလေးပြုခံစင်မြင့်တွင် ပြန်လည်နေရာယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြရာ နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော်သီချင်းနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသီချင်းတို့ကို တီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသား HRH. Prince Mohammad Bolkiah က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကလည်း ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသား HRH. Prince Mohammad Bolkiah အား ၎င်းနှင့်အတူ လိုက်ပါလာကြသည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးယာဉ်တန်းဖြင့် ခေတ္တတည်းခိုမည့် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ Empire Hotel & Country Club သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ပဋ္ဌာန်းပစ္စယနိဒ္ဒေသ သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)၏ အဘိဓမ္မာအခြေခံရှိပြီးသူများအတွက် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ သင်တန်းကို အထက်ပါကျောင်းတိုက်တွင် ဇန်နဝါရီ ၁၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းကာလမှာ ဇန်နဝါရီ ၁၉၊ ၂၀၊ ၂၆၊ ၂၇ ရက်နှင့် ဖေဖော်ဝါရီ ၂၊ ၃၊ ၉၊ ၁၀၊ ၁၆၊ ၁၇၊ ၂၃၊ ၂၄ ရက်တို့၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (၃၅)

The LIVE NEWS ဂျာနယ် အမှတ်(၆၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၇

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံးဖော်ပြ ထုတ်ဝေလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၆၈)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အမေရိကန်သမ္မတရွေးကောက်ပွဲ ကနဦးခြေလှမ်းများနှင့် ရှေ့အလားအလာ၊ ဘနာဇီဘူတိုပြီးရင် ဘယ်သူလဲ၊ ဂျီ-၁၃ ဆရာကြီး ကာဗာစတိုရီဆာကိုဗီရဲ့ အဝါရောင် စာမျက်နှာပေါ်က အပြာရောင် မျှော်လင့်ချက်များ၊ ဘက်စုံပေါင်းစည်းညီညွတ်မှုကို ရှေးရှုလိုက်တဲ့ တရုတ်-ဂျပန် တွေ့ဆုံဆွေးနွေးပွဲ ပဏာမခြေလှမ်း၊ ၁၀ မိနစ်အတွင်း ဖုံး ၁၈ တန် နှံပြည်စုတ်ကို အမြောက်ဖြင့် နှံနေသည့် အမေရိကန်၊ အငိုလွယ်လျက် အရှိုက်ခက်နေသည့် ကင်ညာ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ အခွန်ငွေအများဆုံး ရှာဖွေပေးလျက်ရှိ၊ သွင်းကုန်အစားထိုးစက်မှုကုန်ထုတ်လုပ်ငန်းရှင်များ အင်းစိန် G.T.I ရှိ မြေနှင့်အဆောက်အအုံတို့အား ငှားရမ်းလုပ်ကိုင်နိုင်၊ ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကြည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံ၊ နေကြတ် လကြတ်နှစ်ကြိမ်စီ ဖြစ်ပေါ်ရာတွင် မြန်မာနိုင်ငံမှ တစ်ကြိမ် တွေ့မြင်နိုင်မည်၊ သရုပ်ဆောင် နိုင်းနိုင်း၏ မင်္ဂလာအခမ်းအနား၊ စိတ်ပျော်တတ်လို့ သောက်တဲ့လူ၊ လမ်းပေါ်ကအတွေးများ-၇ (အခက်အခဲတွေ့နေသော ကားများ)၊ ဗဟိုအကျဉ်းထောင်ကြီးနောက်ဘက် ဂိုဒေါင်ကွက်က မင်းရဲကျော်စွာလမ်း (St. John)၊ တက္ကစီမင်းနှင့် ကျွဲရိုင်းဘူး၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဦးကို၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ဆြာစန်းနှင့် အမြို့မြို့၊ အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် (၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၁-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၁၅ ၈။ အကပြိုင်ပွဲ
- ၈:၂၅ ၉။ ကျင်းသာရေလှောင်တမံ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ English for Everyday Use.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ အထူးပြုများ) (ရူပဗေဒ)
- ၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၁၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅:၂၅ ၇။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဝွမ်းပုံ)**
- ၅:၃၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၅:၄၅ ၉။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ (အသက်လည်းရှည် အညောင်းပြေလာလေလမ်းလျှောက်စို့)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း-၁)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူများ" (အပိုင်း-၂၀)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲသတင်းများ

ဂျာမန်ဘောလုံးသမားပိုဒေါစကီး မန်စီးတီးအသင်း၌ကစားဖွယ်ရှိ

ဘာလင် ဇန်နဝါရီ ၁၇

ဘေယန်မြူးနစ်အသင်းမှ လူးကတ်စ်ပိုဒေါစကီးသည် အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲဝင် မန်ချက်စတာစီးတီးအသင်း၌ ကစားဖွယ်ရှိကြောင်း ဂျာမနီနိုင်ငံတွင် ထုတ်ဝေသော ဘစ်ဒ်အမည်ရှိ အားကစားမဂ္ဂဇင်းက ယနေ့ရေးသားဖော်ပြသည်။

ပိုဒေါစကီးသည် ၂၀၀၆ခုနှစ် ဇူလိုင်လတွင်ဘေယန်မြူးနစ်အသင်းနှင့် လေးနှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ဘောလုံးသမားများအနက် အကောင်းဆုံးလူငယ်ဘောလုံးသမား

ဂျာမနီ ဘေယန်မြူးနစ်အသင်းမှ ပိုဒေါစကီး။

(ဓာတ်ပုံ–အင်တာနက်)

အဖြစ်မဲပေး ရွေးချယ်ခံခဲ့ရပြီးနောက် ဘေယန်မြူးနစ်အသင်းသို့ ပိုဒေါစကီး ရောက်ရှိလာခြင်းဖြစ်သည်။

သို့ရာတွင် ပိုဒေါစကီးသည် ဘေယန်မြူးနစ်အသင်းတွင် အမြဲတမ်းကစားခွင့် ရရှိသည့် ဦးစားပေးဘောလုံးသမားအဖြစ် ရပ်တည်နိုင်ခြင်းမရှိခဲ့ပေ။

ပိုဒေါစကီးအား မန်ချက်စတာစီးတီးအသင်းက ခေါ်ယူဖွယ်ရှိမှုနှင့် ပတ်သက်၍ ၎င်းနှင့်၎င်း၏ ကိုယ်စားလှယ်တို့သည် ယင်းအသင်း၏ မန်နေဂျာ ဆဗန်ဂိုရန်အဲရစ်ဆင်နှင့် ဆွေးနွေးခဲ့သည်။ မန်စီးတီးအသင်းသည် ပိုဒေါစကီးအတွက် ဘေယန်မြူးနစ် အသင်းကို ပေါင်ငွေ ၁၆သန်းပေးရန် ကမ်းလှမ်းထားသည်ဆို၏။ ***အင်တာနက်။***

အာဆင်နယ်အသင်းမှဒိုင်ယာရာ ပို့စ်မောက်အသင်းသို့ရောက်ရှိ

လန်ဒန် ဇန်နဝါရီ ၁၇

ပြင်သစ်ကွင်းလယ်ကစားသမား လက်ဆာနာဒိုင်ယာသည် အာဆင်နယ်အသင်းမှ ပို့စ်မောက်အသင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း အဆိုပါဘောလုံးကလပ်အသင်းနှစ်သင်းစလုံးက ယနေ့အတည်ပြုပြောကြားသည်။

အသက်၂၂နှစ်ရှိ ဒိုင်ယာရာသည် ပြင်သစ် လက်ရွေးစင်အသင်း၌ ပါဝင်ကစားခဲ့သူဖြစ်ပြီး သုံးနှစ်ခွဲသက်တမ်းရှိ ကန်ထ ရိုက်စာချုပ်အရ ပို့စ်မောက်အသင်း၌ ပါဝင်ကစားမည်ဖြစ်သည်။ သို့ရာတွင် ပို့စ်မောက်အသင်းသည် ဒိုင်ယာရာအား အသင်းပြောင်းရွှေ့ကြေးမည်မျှပေး၍ ခေါ်ယူသည်ကို မသိရပေ။

၂၀၀၇ ခုနှစ် နှောင်းပိုင်းက ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့၌ ကျင်းပသော ယူရို ၂၀၀၈ခြေစစ်ပွဲ တွင် ယူကရိန်းအသင်းမှ အင်ဒရီရှက်ချင်ကိုနှင့် ဘောလုံးယှဉ်လုနေသော ပြင်သစ်ကွင်းလယ်ကစားသမား ဒိုင်ယာရာ(ယာ)အား တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပွဲဦးထွက်

ဒိုင်ယာရာသည် လာမည့် စနေနေ့တွင် ဒါဘီကောင်တီအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၌ ပို့စ်မောက်အသင်းမှ ပွဲဦးထွက်ကစားမည်ဖြစ်သည်။

မိမိတို့အသင်းသို့ ဒိုင်ယာရာရောက်ရှိလာခြင်းအတွက် ဝမ်းမြောက်မိကြောင်း ပို့စ်မောက်အသင်းမန်နေဂျာ ဟယ်ရီရက်နက်က ပြောကြားသည်။

အင်တာနက်။

အက်စ်တန်ဗီလာအသင်းတွင် လော်ဆင်ဆက်လက်ကစားဖွယ်ရှိ

ဘာမင်ဂမ် ဇန်နဝါရီ ၁၇

မာတင်လော်ဆင်သည် အက်စ်တန်ဗီလာအသင်းတွင် ဆက်လက်ကစားမည်ဟု မျှော်လင့်ရကြောင်း၊ ၎င်းသည် မိမိတို့အသင်းအတွက် အားထားရသည့် နောက်တန်းလူတစ်ဦးလည်းဖြစ်ကြောင်း မန်နေဂျာ မာတင်အိုနီးလ်က ယနေ့ပြောကြားသည်။

ဒိန်းမတ်လူမျိုး အသက် (၃၀)ရှိ လော်ဆင်သည်လက်ရှိ ဘောလုံးရာသီတွင် ထူးထူးခြားခြား ကစားနိုင်ခဲ့သူဖြစ်သည်။ အေစီမီလန် နောက်တန်းလူဟောင်း လော်ဆင်သည် အက်စ်တန်ဗီလာအသင်းသို့ ၂၀၀၇ ခုနှစ်တွင် ရောက်ရှိလာခဲ့ပြီးနောက် ကြိုးစားကစားခဲ့သော်လည်း ဒူးဒဏ်ရာကို မကြာခဏခံစားခဲ့သည်။

ဆက်လက်ကစား

လော်ဆင်သည် လက်ရှိဘောလုံးရာသီကုန်ဆုံးချိန်တွင် ကန်ထရိုက်စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း မိမိတို့အသင်းတွင် ၎င်းဆက်လက်ကစားစေလိုကြောင်း အိုနီးလ်က ပြောကြားသည်။ ***အင်တာနက်။***

ပရီမီယာလိဂ်၊ အက်ဖ်အေဖလားပွဲနှင့် အသင်းများအခြေအနေ

ဇာနည်ဦး

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် (၂၂)အပြီးတွင် မန်ချက်စတာယူနိုက်တက်နှင့် အာဆင်နယ်တို့ ၂၂ပွဲစီ ကစားအပြီး ၅၁မှတ်စီတူနေကြသော်လည်း မန်ယူက ဂိုးကွာခြားချက်အသာဖြင့် ပထမနေရာ၌ရပ်တည်နေသည်။

ပရီမီယာလိဂ်ပွဲစဉ်(၂၂)အပြီး ထိပ်ဆုံး ၁၀သင်းအခြေအနေ

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၂၂	၁၆	၃	၃	၅၁
၂	အာဆင်နယ်	၂၂	၁၅	၆	၁	၅၁
၃	ချယ်လ်ဆီး	၂၂	၁၄	၅	၃	၄၇
၄	လီဗာပူး	၂၀	၁၀	၈	၂	၃၈
၅	အဲဗာတန်	၂၂	၁၂	၃	၇	၃၉
၆	အက်စ်တန်ဗီလာ	၂၂	၁၁	၆	၅	၃၉
၇	မန်စီးတီး	၂၂	၁၁	၆	၅	၃၉
၈	ဘလက်ဘန်း	၂၂	၁၀	၆	၆	၃၆
၉	ပို့စ်မောက်	၂၂	၉	၇	၆	၃၄
၁၀	ဝက်စ်ဟမ်း	၂၀	၉	၅	၇	၃၂

ပရီမီယာလိဂ်ပြိုင်ပွဲဝင် အသင်း၂၀အနက်အောက်ဆုံးသုံးသင်းမှာ ဆန်းဒါးလန်း အမှတ်(၂၀)၊ ဖူလ်ဟမ် (၁၅)မှတ်နှင့်ဒါဘီ (ခုနစ်)မှတ်တို့ဖြစ်သည်။

အင်္ဂလန်အက်ဖ်အေဖလား တတိယဆင့် ပြန်ကန်ပွဲစဉ်များကို ဇန်နဝါရီ ၁၆ရက်နှင့် ၁၇ရက်တို့က ကျင်းပခဲ့ရာ လီဗာပူးက လူတန်ကို (၅း၀)၊ နယူးကာဆယ်က စတုတ်စီးတီးကို (၄း၁)၊စပါးစ်က ရီးဒင်းကို (၁း၀)၊မန်စီးတီးက ဝက်စ်ဟမ်းကို (၁း၀)၊ ဘာရီက နော့ဝစ်ချ်ကို(၂း၀)၊ မီဝေါက ဝါဆောကို(၂း၁)၊ ဟားဗန့်က ဆွမ်ဆီးကို (၄း၂)၊ ဟဲယားဖို့ဒ်က ထရန်မီယာကို (၁း၀)တို့ဖြင့် အသီးသီးအနိုင်ရရှိပြီး ချာလ်တန်နှင့်ဝက်စ်ဘရွန်းတို့ နှစ်ဂိုးစီသရေကျသွားသည်။

နယူးကာဆယ်မန်နေဂျာ

ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပွဲစဉ်(၂၂)အပြီး ရမှတ် ၂၆ မှတ်ဖြင့် အဆင့် (၁၁)နေရာရောက်နေသည့် နယူးကာဆယ်အသင်းသည် မန်နေဂျာ ဆမ်အလာဒိုက်စ် ထွက်ခွာသွားပြီးနောက် ယခင်၎င်းအသင်း၏ နည်းပြဟောင်းနှင့် အင်္ဂလန် လက်ရွေးစင်အသင်း၏ နည်းပြဖြစ်ခဲ့သူ ကီဗင်ကီးဂန်းက မန်နေဂျာအဖြစ် ပြန်လည်တာဝန်ယူလိုက်ပြီဖြစ်သည်။ ကီးဂန်းသည် ပရီမီယာလိဂ် ပွဲစဉ်(၂၃)မှစ၍ နယူးကာဆယ်ကို ကိုင်တွယ်တော့မည်ဖြစ်သည်။

မန်နေဂျာနေရာ ခေတ္တမဲ့နေသည့် နယူးကာဆယ်နှင့် မန်ယူတို့ ဇန်နဝါရီ ၁၂ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ယူက ခြောက်ဂိုး–ဂိုးမရှိဖြင့် အပြတ်အသတ်အနိုင်ရပြီး စီရော်နယ်ဒိုက မန်ယူတွင် ပထမဆုံး Hat-trick ရရှိခဲ့သည်။

အကောင်းဆုံး မန်နေဂျာ၊ ဘောလုံးသမား

ပရီမီယာလိဂ်ပြိုင်ပွဲ၏ ဒီဇင်ဘာလအတွက် အကောင်းဆုံး မန်နေဂျာနှင့် အကောင်းဆုံးဘောလုံးသမားဆုကို ဘာကလေက ချီးမြှင့်ခဲ့ရာ အာဆင်နယ်မန်နေဂျာ အာဆင်ဝင်းဂါးနှင့် ဘလက်ဘန်းအသင်းမှ တိုက်စစ်မှူး ဆန်တာခရုဇ်တို့ နှစ်ဦးရရှိခဲ့ကြသည်။

ပရီမီယာလိဂ်တွင် တတိယနေရာ၌ ရပ်တည်နေသည့် ချယ်လ်ဆီးအသင်းသည် လိုကိုမိုးတစ် မော်စကိုအသင်း၏ နောက်ခံလူ ဆားဘီးယားလက်ရွေးစင်ဘောလုံးသမား ဘာနီစလဗ်အိုင်ဗန်နိုဗစ်အား ခေါ်ယူလိုက်ပြီဖြစ်သည်။ ထို့အတူ ဘော်လ်တန်မှအနဲလ်ကာလည်း ချယ်လ်ဆီးသို့ရောက်လာပြီး စပါးစ်အသင်းနှင့် ကစားသောပွဲစဉ်မှစ၍ လူစားဝင်ကစားသွားသည်။

ထို့အတူ ပြင်သစ်ကွင်းလယ်ကစားသမား အာဆင်နယ်အသင်းမှ ဒိုင်ယာရာသည် ပို့စ်မောက်အသင်းသို့ ပြောင်းရွှေ့သွားသည်။ ပရီမီယာလိဂ်တွင် အောက်ဆုံးတတိယနေရာသို့ရောက်နေသည့် ဆန်းဒါးလန်းအသင်းကလည်း ပီအက်စ်ဂျီအသင်းမှ အသက် ၁၉ နှစ်အရွယ် နောက်ခံလူ အမ်ဗိုတိုကို ခေါ်ယူလိုက်သည်။

မန်ယူအသင်း၏ တိုက်စစ်မှူး တီဗက်ဇ်အား ဖီဖာက နိုင်ငံတကာပွဲနှစ်ပွဲ ပယ်သည့် ပြစ်ဒဏ်ချမှတ်ထားသော်လည်း အာဂျင်တီးနား ဘောလုံးအဖွဲ့ချုပ်က အသနားခံစာတင်သဖြင့် တစ်ပွဲသာပွဲပယ်ရန်နှင့် ၎င်းပွဲပယ်ပြစ်ဒဏ်ကိုလည်း ခြောက်လဆိုင်းငံ့ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း သိရသည်။

ပရီမီယာလိဂ် ပွဲစဉ်(၂၃)

။	၁၉–၁–၂၀၀၈	ည	၉း၃၀	အာဆင်နယ် – ဖူလ်ဟမ်
။	״		״	မန်ယူ – ရီးဒင်း
။	״	ည	၁၁း၄၅	နယူးကာဆယ် – ဘော်လ်တန်
။	၂၀–၁–၂၀၀၈	ည	၈း၀၀	ဝီဂန် – အဲဗာတန်
။	״	ည	၁၀း၃၀	မန်စီးတီး – ဝက်စ်ဟမ်း
။	၂၂–၁–၂၀၀၈	နံနက်	၂း၃၀	လီဗာပူး – အက်စ်တန်ဗီလာ

အဲဗာတန်မှ တင်ကာဟီးလ် လက်ရွေးစင်အသင်း၌ကစားလို

မဲလ်ဘုန်း ဇန်နဝါရီ ၁၇

ဩစတြေးလျလက်ရွေးစင်အသင်း၏ နည်းပြသစ် ပင်ဗာဘိခ်သည် လာမည့်လတွင် ကာတာနှင့် ယှဉ်ပြိုင်ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် မိမိအား ခေါ်ယူမည်ဆိုပါက ဩစတြေးလျနိုင်ငံသို့ မိမိပြန်လာမည်ဖြစ်ကြောင်း အဲဗာတန်ကွင်းလယ်ကစားသမား တင်ကာဟီးလ်က ယနေ့ပြောကြားသည်။

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ဖေဖော်ဝါရီ ၆ ရက်၌ ကျင်းပမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အရေးပါသောပွဲတစ်ပွဲဖြစ်ပြီး ဩစတြေးလျလက်ရွေးစင်အသင်း၌ ပါဝင်ကစားရန် ခေါ်ယူဖွယ်ရှိသည့် ဥရောပအခြေစိုက်ဘောလုံးသမားများအနက် တင်ကာဟီးလ်လည်း ပါဝင်သည်။

ဒတ်ချ်လူမျိုးနည်းပြ ပင်ဗာဘိခ်သည် လက်ရွေးစင်အသင်း၌ ပါဝင်ကစားရန် ဩစတြေးလျ အေ–လိဂ်ဘောလုံးပြိုင်ပွဲဝင်အသင်းများမှ ဘောလုံးသမားအချို့ကိုလည်း ရွေးချယ်ဖွယ်ရှိသည်။ ပင်ဗာဘိခ်သည် လာမည့်ဗုဒ္ဓဟူးနေ့တွင် လက်ရွေးစင်အသင်းအတွက် ဘောလုံးသမားများ အမည်စာရင်းကို ထုတ်ဖော်ကြေညာမည်ဖြစ်သည်။

အင်တာနက်။

အထူးလှိုက်လှဲဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် ကျေးဇူးရှင် ချစ်ဖေဖေ **"သီဟသုဓမ္မမဏိဇောတဓရ ဦးဘခန့်"** (**"ရွှေ"** **အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**)အား **"သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာဖြင့် ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးလှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ချစ်ဇနီး - ဒေါ်ခင်ရွှေ (**"ရွှေ"** **အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**)

ချစ်သားသမီးများ - ကိုကျော်မျိုးခန့် B.E (Mechanical) - မမြင့်သန္တာအောင် B.A, Dip, B.Tech

[" **Shwe Sin May** " **Store & Electronics (Mini Mart)**]

- ကိုကျော်သူ B.E (Electronics) - မဝင်းရွှေစင်မျိုး B.Sc (Hons) M.Sc (Physics), Dip.B.Tech

[" ပြည် လုံး ကျော် "**ကျွန်းတံခါးနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**]

ချစ်မြေးများ - မဆုရတီထက် (ခ) ပုံ့ပုံ့

မောင်ခန့်သူဟိန်း (ခ) သားသားခန့်

(၄၆)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိဂီလမ်းထောင့်နှင့် ပင်ရွှေညောင်လမ်းရှိ ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ (၂၇၆)၌ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိသိဋ္ဌဉာဏ (ကန်တော်လေး) အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါး တရားတော်များကို ဇန်နဝါရီ ၂၅ရက်မှ ၃၁ရက်အထိ ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများ ဇန်နဝါရီ ၂၃ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၅၅၉၆၀၄ သို့ လည်းကောင်း စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

ကျေးဇူးဆပ်ပါမည်

ကျွန်မ မသန္တာစိုး မှတ်ပုံတင်စာအုပ် ၁၂/လမတ(ပြု) ၀၀၀၂၉၁ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၂၂၆၄၁၅

ဥတုရာသီ တောကိုမှီ၏

လှိုက်လှဲစွာ အထူး ဂုဏ်ယူဝမ်းမြောက်ခြင်း

မြဝတီထရေးဒင်းလီမိတက် နှင့် မိတ်ဆွေရင်းပမာ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက် ရှိသော **မြန်မာဘရူဝါရီ လီမိတက်သည်** နိုင်ငံတကာအသိအမှတ်ပြု **ISO 22000: 2005** **(အစားအသောက်ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးစီမံမှု စနစ်)** လက်မှတ်ရရှိသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူ ဝမ်းမြောက်အပ်ပါသည်။

အရှေ့ရှမ်းရိုးမကုမ္ပဏီလီမိတက်

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

မြဝတီထရေးဒင်းလီမိတက် နှင့် မိတ်ဆွေရင်းပမာ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက် ရှိသော **Myanmar Brewery Limited.,** သို့ **International Standard Organization** မှ ချီးမြှင့်ပေးအပ်သည့် **ISO 22000: 2005** လက်မှတ် ရရှိခဲ့သဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ညွန့်သိင်္ဂါအောင်ကုမ္ပဏီလီမိတက်

သဒ္ဓမ္မရံသီရိပ်သာ သုံးထပ်သံဃာဆောင်သစ် ရေစက်ချ မင်္ဂလာအခမ်းအနား ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

အမှတ်(၇)၊ ဇေယျာခေမာလမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ သဒ္ဓမ္မရံသီရိပ်သာအတွင်း၌ တည်ဆောက်ပြီးစီးခဲ့သော သုံးထပ်သံဃာဆောင်သစ်ကြီး ရေစက်ချမင်္ဂလာ အခမ်းအနားကို ၁၃၆၉ခုနှစ်၊ ပြာသိုလပြည့်ကျော် (၆)ရက် ဇန်နဝါရီ ၂၈ရက် (တနင်္ဂနွေ) နံနက် ၉ နာရီတွင် သိမ်တော်ကြီး အပေါ်ဆုံးထပ်တွင် ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်အပေါင်းနှင့် ယောဂီ ဓမ္မမိတ်ဆွေများ အနုမောဒနာတရားနာကြားရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားထားကြောင်းသိရသည်။ (က-ပ)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့် ကြော်ငြာစာ အမှတ်-၁/၂၀၀၈ဖြင့် သီတဂူကမ္ဘာ့အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ အမှုဆောင်နှင့် နိကာယ်သာသနာတော်ထွန်းကားရေးအသင်း တွဲဖက်အတွင်းရေးမှူးဖြစ်သူ မိသားစုဆရာကျန်းမာရေးစောင့်ရှောက်မှု အတိုင်ပင်ခံ ဆရာဝန်ကြီး

သီတဂူ ဒေါက်တာစိုးမြင့် (မြို့ပြင်အထူးကုဆေးခန်း)အား **"သုဓမ္မ မဏိဇောတဓရ"**ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက် အပ်ပါသည်။

ဦးသူတော် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း)

ဥက္ကဋ္ဌ၊ တိပိဋကနိကာယဥပဋ္ဌာက (ပင်မ)အဖွဲ့+ဒေါ်လှလှသိန်း

ရွှေစင်အကယ်ဒမီ မိသားစု

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

စိတ်ချမ်းသာ ပျော်ရွှင်စွာဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန် ညွှန်ပြမှုပေးခဲ့သည့် နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံသော ဆရာကြီး **ဦးမြသိန်း (ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်)** ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၈)ဖြင့် ၂၀၀၈ခုနှစ် နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် **"လူမှုထူးချွန် ပထမဆင့်"** ချီးမြှင့်သည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

MDG Co., Ltd. **ဝန်ထမ်းဟောင်းများ**

ဦးတင်မြင့်၊ ဦးဇင်သိန်း၊ ဒေါ်မြင့်မြင့်တင်၊ ဒေါ်မီမီချို၊ ဦးဇော်ဇော်ဖေ၊ ဒေါ်ဇင်ကေသွယ်၊ ဗိုလ်မှူးအောင်ကြိုင်(ငြိမ်း)၊ ဒေါ်မြတ်မြတ်၊ ဒေါ်ခင်ညိုညိုဆန်း၊ ဒေါ်သူဇာတင်၊ ဒေါ်သန္တာမြင့်၊ ဒေါ်မြင့်မြင့်ချို၊ ဦးဆန်းရွှေ၊ ဦးကိုကို(၂)၊ ဦးအေးမင်းနိုင်၊ ဦးရဲထွန်း၊ မမိုးသဉ္ဇာကျော်၊ ကိုကျော်စွာတင့်၊ ကိုကျော်ကျော်လှိုင်၊ ကိုအောင်ဇော်ထွေး၊ ကိုအောင်မင်းထွန်း၊ ကိုမျိုးနွယ်-မယုယုခင်၊ ကိုမျိုးမြင့်အောင်-မမေဂျူလိုင်သစ္စာ

ပြည်သူ့ဆန္ဒ သဘောထား

- ☆ တည်ငြိမ်မှုကို လိုလားသည်
- ☆ အေးချမ်းမှုကို လိုလားသည်
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား၊ မူအစ်ဇာဒင်ဝါဒိုလာ၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရုဆလမ်နိုင်ငံတွင် ချစ်ကြည်ရေး ခရီးလည်ပတ်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဘရူနိုင်းဒါရုဆလမ် နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်လေဆိပ်သို့ ရောက်ရှိသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံတမန်ဌာန ဒုတိယအမြဲတမ်းအတွင်းဝန် Haji Mohammad Nor Bin Haji Jeludin နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသား HRH. Prince Mohammad Bolkiah တို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်လေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၁၇–၁–၂၀၀၈

လွိုင်လင်	–	(၁) ဒီဂရီစင်တီဂရိတ်
အမ်း	–	(၂) ဒီဂရီစင်တီဂရိတ်
လားရှိုးနှင့် ဟားခါး	–	(၄) ဒီဂရီစင်တီဂရိတ်စီ

ရောင်စုံစမ်းချောင်း ပန်းချီပြပွဲ ခင်းကျင်းပြသလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က ကြီးမှူး၍ "ရောင်စုံစမ်းချောင်း" (Colour Stream- 7th Art Exhibition) (၇)ကြိမ်မြောက် ပန်းချီပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ ပန်းချီအရောင်း ပြခန်း၌ ဇန်နဝါရီ ၁၈ ရက် (ယနေ့)မှစ၍ ၂၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

စိုင်းထွန်းဦး၏ "ရွှေငါး"အမည်ရှိ အခရိုင်းလစ် ပန်းချီကား။

ယနေ့ သတင်းအညွှန်း

ပါကစ္စတန်ရွေးကောက်ပွဲ ဖျက်ဆီးက ပစ်မိန့်ပေးထား — စာမျက်နှာ– ၄

ကိုဆိုဗိုပြည်နယ် ခွဲမထွက်ရန် ရုရှားသတိပေး — စာမျက်နှာ– ၅

ပရီမီယာလိဂ်၊ အက်ဖ်အေဖလားနှင့် အသင်းများအခြေအနေ — စာမျက်နှာ–၁၀